# ကိုငြိမ်း (မန္တလေး)

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ကိုငြိမ်း(မန္တလေး)
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၇၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

## ကိုငြိမ်း(မန္တလေး)

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ



| | | |
|---|---|---|
| ၁။ | ခွင့်လွှတ်ည | ၁ |
| ၂။ | စက်ဘီးပါးပါးကလေး | ၉ |
| ၃။ | နပိုလီယံသည် စောဘရန်ငြိမ်းထက် အရပ်ပုဏ် | ၂၀ |
| ၄။ | ဖြန့်ထွက်သူများ | ၃၂ |
| ၅။ | ဂျင်းဘောင်းဘီရောင် တိမ်မျောများ | ၄၄ |


❑

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


# ခွင့်လွှတ်ည

ဒီည ဒီညဟာ မတော်တဆ ရောက်လာတာ မဟုတ်ဘဲနဲ့တောင် မတော်တဆ မှောင်နေတယ်။

ဘုရားလက်ဆောင် ဒီလိုခွင့်လွှတ်ည မှောင်ဖို့မသင့်ဘူး။ ရေနီ မြောင်းပေါ် မေးတင်ထားတဲ့ သင်္ချိုင်းကလေးတောင် အိပ်ရေးပျက် တော့မယ်။ ငါ့ကြောင့်။ ပထမမိုးက သည်းသည်း၊ နောက်ဖွဲဖွဲ၊ ပြီး တော့ မိုးကို အစိုးရသူ နတ်သမီးက မစဲချင်ပေါင် ပြောတာလည်း ငါ့ကြောင့်။ အို သင်္ချိုင်းပေါက်မှာ မာရ်နတ်တစ်ပါး ခါးထောက် ဘီလူးတစ်ကောင်လို ရပ်စောင့်နေတာလည်း ငါ့ကြောင့်။

ဘာပဲဖြစ်ဖြစ် လေကတော့ လွင်ပြင်ကို ဖြတ်ပြီး သင်္ချိုင်းပေါ် တမာနံ့တွေ သယ်ဆောင်သွားတော့မယ်ဆိုတာကတော့ ငါ့ကြောင့် မဟုတ်ဘူးထင်တယ်။ ရန်ကုန်–မန္တလေး လမ်းမကြီးကတော့ ကဗျာ ဆရာတစ်ယောက်ကို ထမ်းထားရတုန်း။ ငါ့ဆရာပြောတဲ့ 'ဆွေမဒ္ဒီ အပေါင်းက လမ်းလျှောက်လာ...' ဆိုတဲ့အချိန်မျိုး မဟုတ်ပေမဲ့

mgyoe.com

mgyoe.com


လွှမ်းလောက်စရာ ဖြစ်နေတာကတော့ အမှန်ပါပဲ။

ဒါပေမဲ့ ကားမဲ့တဲ့လမ်းက အလင်းမဲ့တယ်။ အေးခဲတယ်။ ငြိမ်သက်ပျစ်ဆိုင်းနေလိုက်တာကလည်းလွန်ပါရော။ လဆိုတဲ့ အကောင် ဘယ်ချောင် ပုန်းအိပ်နေသလဲ။ ငါမသိ။ အထီးကျန်ပုံက 'အရိပ်' တောင် မပါဘူး။ ငါရပ်နေတယ်။ ငါရပ်ပြီးနေခဲ့တယ်။

နတ်မိစ္ဆာဟာ မျက်လုံးတွေ လိုက်ပိတ်ဖို့တော့ မမေ့ဘူး။ နတ်မိစ္ဆာတွေ မျက်လုံးပိတ်အောင် မလုပ်နိုင်တာဆိုလို့ ကောင်းကင်က ကြယ်တစ်မျိုးပဲ ကျန်တော့တယ်။ အမြင့်မားဆုံး၊ အကြီးကျယ်ဆုံး ကြယ်တွေကို သူတို့ရဲ့ မျက်လုံးဖွင့်ထားမှုအတွက် ငါကျေးဇူးတင်တယ်။

ကြည့်စမ်းပါဦး။ သင်္ချိုင်းအတွင်းမှာ လင်းလက်တဲ့ မီးရောင်လေး။ ငါ့ဆီက ကျေးဇူးတင်မှု တောင်းခံနေရှာတာကို ငါတွေ့လိုက်ရတယ်လေ။ ကမ္ဘာပေါ်မှာ ငါ့ကိုစိတ်မပျက်တဲ့ နေရာတစ်နေရာမှာတော့ ရှိသေးတယ်ဆိုတဲ့ သဘောများလား။ ငါဘာပြောရမလဲ။

"ကျွန်ုပ်ဟာ
မပျက်သေးတဲ့ သစ်စေ့လား
ပျက်ပြီး သစ်သီးပြန့်စေ့မယ့် သစ်စေ့လား"

ငါ့ကိုယ်ငါ မသိသေးဘူး။ ငါဘယ်လို သစ်စေ့လဲ။ ဒီအချက်ကို ဖမ်းရခက်သလို 'သတ္တိ' ဆိုတာလည်း ငါ့အဖို့ ဖမ်းရခက်နေပြီလို့ ငါထင်နေပြန်ရော့ သင်းဟာ နတ်မြင်းရိုင်းပဲ။

ပြီးတော့
သင်းဟာ ဇက်ပင်မဲ့တယ်။

mgyoe.com

mgyoe.com


(၂)

ဘုရားသခင်ဆိုတာ ခွန်အားဗလ မဟုတ်ဘူး
ကြင်နာတဲ့ အမှန်တရားဖြစ်တယ်…။
မမြင်ရတဲ့ လက်ညှိုးတစ်ချောင်းဟာလည်း
ဘုရားသခင်ရဲ့ လက်ညှိုးမဟုတ်ဘူး။

အမှန်တော့ ဒါတွေကိုလည်း ငါ ကွဲကွဲပြားပြား မသိသေးပါဘူး။ ဒါပေမဲ့ ခွန်အားဗလတစ်ခုကို ငါ့အဖို့ လက်ဆောင်ရခဲ့တာတော့ အမှန်ပါပဲ။ ကေန်ထက်တောင် ပိုသေး။

ကြည့်လေ။ နတ်မြင်းရိုင်းရဲ့ လည်ဆံတွေ။ ငါ့ဇက်ပင်ဖြစ်ပြီ။ သူ့ကို ငါ့လို စင်ပင်တွေကို အာလန်အောင် ချိုးဖို့တောင် မလို။ ငါ မြင်းတင်ပါးကို ဖနောင့်ပေးလိုက်တယ်။

"ဟိုက်… ရော့"

ငါ့မြင်းပျံက သင်္ချိုင်းအဝင်က ရေမြောင်းနဲ့ တံတားအိုကလေးအပေါ် ကျော်ပြီး အဖြတ်၊ လင်းနို့တစ်ကောင်လေ။ ငါ့ဆံပင်တွေကို ဆွဲထူသွားကြတယ်။ ဒီတော့ ခေါင်းပေါ်မှာ ဆံပင်တွေ မတ်တတ်ရပ်လို့။ ငါဝန်ခံပါတယ်။ ဝီရနည်းနည်း ပွန်းရှသွားတယ်ဆိုတာ။ ဒါကို ငါက စကားလုံးတွေနဲ့ မခုခံတော့ဘူး။ ရိုးသားမှုတစ်ခုအဖြစ် ထားလိုက်ပါတော့မယ်။

"အို ကြည့်စမ်းပါဦး ငါ့အိမ်သူရေ…
ငါ့သမီးလေးရေ…
လမ်းဘေးဝဲယာမှာ
သေမင်းက သူ့အလုပ်မပျင်းကြောင်း
အခင်းအကျင်းအစုံစုံနဲ့ သက်သေပြထားလိုက်တာတွေ
ကလည်း နည်းမှမနည်းဘဲ…"

mgyoe.com

mgyoe.com

ငါကတော့ သေမင်းပြုစုတဲ့ အဘိဓာန်မှာ 'ခွင့်လွှတ်ခြင်း' ဆိုတဲ့ ဝေါဟာရကို မိုက်မိုက်မဲမဲ လိုက်ရှာခဲ့တဲ့ကောင်ပါနော်။ သူဟာ ညှာတာခြင်းကို မသိဘူး။ လိုက်လျောခြင်းကို မသိဘူး။ အားနာခြင်းကို မသိဘူး။ သူသိတာတစ်ခုပဲ ရှိတယ်။ ခွင့်လွှတ်ခြင်းဆိုတဲ့ အလုပ်ကိုတော့ သူ့အလုပ်မဟုတ်ကြောင်း သေမင်းက ကောင်းကောင်းသိတယ်။ သူ့မှာ လာဘ်သပ်မကာ မမက်တဲ့ ဂုဏ်တော့ သေချာပေါက်ရှိတယ်။ လာဘ်ထိုးလို့ မရသူကို ပြပါဆိုရင် သူဟာ လက်ညှိုးနဲ့ ဝိုင်းထိုးဖို့ အသင့်ဆုံးလို့ ပြောရမယ် မဟုတ်လား။ အမှန်တော့ သူ့လောက် တာဝန်ကျေနိုင်သူလည်း မရှိပါဘူး။

ဒီခွင့်လွှတ်ညမှာပဲ ကြီးကျယ်မြင့်မြတ်သူတွေဟာ ကောင်းကင်အောက်အထပ်အထိ မြင့်မြတ်တဲ့ ခြေလှမ်းတွေနဲ့ ဆင်းသက်လာတော့မယ် မဟုတ်လား။ ဒီကြီးကျယ်မြင့်မြတ်က သင်္ချိုင်းထဲက အသံတွေကို ကရုဏာစိတ်နဲ့ ကြားနာတော့မယ်။

ငါ့အမိ ငါ့အဖ

ငါ့အစ်မ ငါ့အစ်ကိုတော်

ငါ့ဇနီး... ဒီနေရာမှာ အိပ်ပျော်၊ အတော်တောင် ကြာခဲ့ပြီမဟုတ်လား။ သတင်းကောင်းကို သူတို့နားစွင့်နေကြပြီ။ မျှော်လင့်ခြင်းတွေ သူတို့စားသုံးနေကြပြီ။ ငါ... မူကား နတ်မြင်းရိုင်းတစ်ကောင်နှင့် ရင်ထဲမှာ မြှုပ်မြှုနေတဲ့ ခံစားမှုကို ဆက်ပြီး မြှုပ်မြှုမျိုသိပ်ပြီး နှုတ်ပိတ်မနေဖို့ ငါလာပြီ။

နတ်မြင်းရိုင်းကြီး စီးလို့...။

mgyoe.com

mgyoe.com

(၃)

"အဖေရေ့ အဖေ
အဖေလဲကျသွားမှာ မစိုးရိမ်နဲ့နော်
သား ခိုင်ခိုင်မာမာကြီး ဖက်ထားမယ်"

မှန်တယ်။ ငါက အဖေ့ကို ခိုင်ခိုင်ကြီး ဖက်ထားတယ်။ ရင်ထဲမှာတော့ ဘာတွေ ဘောင်ဘင်ဝေနေမှန်း ငါမသိ။ သည်းပွတ်တွေက သည်းထန်ပုံတောင် သဲ့သဲ့ကြားရရဲ့။ ဒါပေမဲ့ ဒီအသံကို ကဗျာဆရာဖြစ်တဲ့ ငါ သဲ့မယူနိုင်ဘူး။ မမျှော်လင့်တဲ့အရပ်က သံကြိုးစာတစ်စောင် ရောက်လာသလိုပဲ။

"နိဗ္ဗာန်ဟာ မင်းတို့အတွက် ဖြစ်ပါစေ" ငါ ဒီလိုအော်တယ်။ သူတို့ဆီက ပြန်လာတဲ့အသံတွေကလည်း။

"ငါတို့ရတဲ့
နိဗ္ဗာန်တစ်ဝက်တစ်ဝက်ကိုလည်း
သင်ရပါစေ"

ငါဘေးကိုကြည့်တော့လည်း ငါက ငါ့အဖေကို ဖက်ထားတုန်းပါပဲ။ ငါဝင်လာတုန်းက တစ်ယောက်တည်း ဖြစ်တယ်ဆိုတာတောင် ငါမေ့သွားပြီနဲ့ တူပါတယ်။ အဖေက ပြောတယ်။

"မင်းအမေဆီ သွားမယ်
ငါ့သားသမီးတွေဆီ သွားမယ်
မင့်မိန်းမ ငါ့ချွေးမကြီးဆီ သွားမယ်"

ဒီလိုနဲ့ ငါဟာ ပန်းမဲ့မြေအိမ်ကလေးတွေအကြားမှာ လျှောက်သွားနေမိတယ်။ နှင်းရည်အနံ့တွေက ငါ့ကို ပွေ့ဖက်တယ်။ ကျန်ရစ်သူများရဲ့ အဆင့်အတန်းပြ သင်္ကေတတွေကြားမှာ ကဗျာဆရာမိသားစုရဲ့ မြေအိမ်တွေကတော့ ခပ်မှိန်မှိန်ပဲ ရှိကြတော့မှာ အမှန်ပါပဲ။ ငါ့ရဲ့

mgyoe.com

mgyoe.com

မေ့လျော့မိုက်မဲ ပေါ့တန်ပျင်းရိမှု အမှတ်လက္ခဏာတွေလို့ ပြော ရင်လည်း ငါငြင်းအားမရှိ၊ ငြင်းဖို့ အခွင့်အလမ်းကလည်း မဲ့လှပါ တယ်။

မှတ်မိနေသေးတယ်။ ဟိုး... လွန်ခဲ့တဲ့ နှစ်အတော်ကြာက ဒီလို ခွင့်လွှတ်ညမျိုးမှာ အဖေနဲ့ငါ နှစ်ယောက်တည်း အဖေရှိရာကို ညသန်း ခေါင်အချိန် ရောက်ခဲ့တာလည်း မေ့လို့မရသေးဘူး။

အဲဒီတုန်းကညမှာ မာရ်နတ်က သူ့ပိုက်ဆံမကုန်တိုင်း သင်္ချိုင်း ပေါ် မိုးတွေ သွန်ချနေတယ်ဆိုတာကို...။ လေတွေကိုလည်း ဟိုး အဝေးကြီးကနေ ဒီအထိ သူ့ပိုက်ဆံမကုန်တိုင်း ကော်ဆဲပြီး ပြေးလာ စေတာကို...။ ကောင်းကင်မည်းမည်းမှာ အလင်းတွေ ရုတ်တရက် ဖြစ်သွားအောင် ဖန်ကျည်တောက်တွေ အများကြီး သူ့ပိုက်ဆံမကုန် တိုင်း ပစ်ဖောက်ဖြန်းတီးပြီး မာရ်နတ်က သူ့တန်ခိုးဖြန့်ကြက်ဖို့ ကြိုး စားနေကြတာတွေကို။

ဒီလို အငြိုးတကြီး တိုက်ခွဲမှုတွေအကြားမှာ ငါက အသက် (၈၀) ကျော်အဖေကို ဖက်လို့။ လက်တွဲလို့...။ အခုည အဲဒီအဖေအိုရဲ့ ဓမ္မသံချိုမြ အခု ငါကြားရတယ်။ မှန်တယ်။ အမေ့မြေအိမ် မီးထိန် အောင် လုပ်သူဟာလည်း ဒီအဖေပါပဲ။ ငါ့အစ်ကို ငါ့အစ်မ မြေအိမ် မီးထိန်အောင်လုပ်သူဟာလည်း ဒီအဖေပါပဲ။ အဖေဟာ အလင်း ရောင်မီးများကို ထွန်းညှိသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ အဖေ လည်း ဒီနေရာမှာ အိပ်ပျော်သွားပါပြီ အဖေ။

ကြီးမြတ်မှုတစ်ခုရဲ့ အလိုတော်ကို သရုပ်ဖော်ရတဲ့ ငါ့အဖို့က တော့ ဘာများတတ်နိုင်ပါ့မလဲ။

ဒါပေမဲ့ ငါကတော့ ဒူးထောက်ထိုင်နေတုန်းပဲ ရှိပါသေးတယ်။ အဖေနဲ့နှစ်ယောက်တည်း လာတုန်းက ခွင့်လွှတ်ညလို မိုးပေါက်ကြမ်း

mgyoe.com

ကြမ်းတွေ မရှိ။ မိုးကလေးတစ်ဖွဲနှစ်ဖွဲလောက်တော့ ရှိတယ်။ အဝေးလာပြီး ကော်ဆဲမယ့်လေကြမ်းမျိုး မရှိ။ လေပြည်ကလေး တစ်သုန်နှစ်သုန်တော့ ရှိတယ်။ ဖန်ကျည်တောက်တွေ လျှပ်ပြက်သလို ခြောက်လှန့်အလင်းတွေနေရာမှာ သင်္ချိုင်းအတွင်း ထွန်းညှိထားတဲ့ လျှပ်စစ်မီးတွေ ဝင်းပအောင် ပြန်လင်းလာပြီမို့ မာရ်နတ်ကိုယ်တိုင် သူ့ကိုယ်သူ ချုံ့ရင်းချုံ့ရင်း တဖြည်းဖြည်း ကျုံ့ဝင်နေတာကို ငါမြင်လိုက်ရပြီ။ အမှောင်က သင်္ချိုင်းကို မျိုထားလို့မရတော့။

ငါ့ဦးခေါင်းတွေ လင်းလာတယ်။ ငါ့ဆံပင်တွေ လင်းလာတယ်။ ငါ့တစ်ကိုယ်လုံး မလင်းတဲ့နေရာရယ်လို့ မရှိဘူး။ မာရ်နတ်က လိမ်းပေးထားတဲ့ ငါ့ကိုယ်ပေါ်က ဘိန်းရည်တွေ ခွင့်လွှတ်ညရဲ့ လက်ဆောင်ကြောင့် အားလုံး အားလုံး အရည်ပျော်ပြီး သင်္ချိုင်းထဲ ရောက်သွားပြီ။

မှန်တယ်။ ဘယ်မြေအိမ်မှ ပန်းမရှိဘဲ မနေဘူး။ အညီအမျှရှိနေကြပြီ။ သင်္ချိုင်းလေး အရှေ့ဘက်က ရေနီနီနဲ့ ချောင်းကလေးဟာလည်း ငါ့သီချင်းကို လေညင်းအကူအညီနဲ့ ရနံ့ပါအောင် တောင်ဘက်ဆီ ကုသိုလ်ဖြစ် သယ်ဆောင်သွားပါပြီ။

လေကောင်းလေသန့် တစ်ချက်လောက် အားရပါးရ ရှူပြီးတဲ့အချိန်မှာ ငါဟာ ဖက်ရွက်လေးတစ်ရွက်၊ စက္ကူလေးတစ်စ ဖြစ်သွားတယ်။ မြင်းရဲ့လည်ဆံတွေ လက်ထဲ အလိုလို ရောက်လာတယ်။

ဝိညာဉ်ရဲ့ ဂုဏ်ဒြပ်၊ အစပ်ပြုတ်တဲ့ ရုပ်အလောင်းတွေရဲ့အကြား နဂါးလိမ်တင်းတိမ်ခင်းနေတာ ဘယ်သူများ မှတ်သလဲ။ နတ်မြင်းရိုင်းမြင်းပျံကြီးစီးကာ ချစ်သူတွေဆီ ငါပြန်လာပြီ။


ချစ်သူတွေဆီ ဒီကောင် ပြန်လာပြီ...။

ရုပ်ရှင်သစ္စာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၄

❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## စက်ဘီးပါးပါးကလေး

၁၉၆၅ ခုနှစ်တွင် ရှုမဝ၊ ငွေတာရီတွင် ကဗျာဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

ကျွန်တော် ရေးခဲ့သမျှ အကြိုက်ဆုံးစာဟူ၍ မရှိသေးပါ။ (နောက်တော့ မပြောတတ်သေးဘူး)

**ဆရာ့စကား**

ကျွန်တော် လူတွေကို 'ဖတ်' တယ်။
ဒါပေမဲ့ အဖတ်မနာသေးဘူး ထင်ပါတယ်။
နာအောင် မျက်မှန်တစ်လက် ဝယ်မယ်။
နာချင်လို့။

**ကိုငြိမ်း (မန္တလေး)**

(၁)

**ဘေးလေးကို… ဘေးလေးကို**

စောဘရော်ငြိမ်းဆိုတာ သူငယ်ငယ်က ဘောလုံးပစ်ပေးမယ့်သူ

mgyoe.com

mgyoe.com


မရှိလို့ နံရံကို ဘောလုံးနဲ့ပစ်ပြီး နံရံက ပြန်ကန်လာတဲ့ ဘောလုံးကို ဖမ်းပြီး ကိုယ်ပစ်တဲ့ဘောလုံး ကိုယ်ပြန်ဖမ်းခဲ့တဲ့ ကောင်လေးပါ။

အဲသလို နံရံကို ဘောလုံးပစ်လိုက်ဖမ်းချိန် သူ့ဘွတ်ဖိနပ်လေး ကျွတ်သွားရင် "ဟာ... ချိန်းကျနေပြီ၊ ချိန်းကျနေပြီ" လို့ အော်လားမသိ။

ဟုတ်တယ်။ ဒီစောဘရော်ငြိမ်းဆိုတဲ့ ကောင်ကလေးကို သူ့အမေ မွေးတုန်းက 'ဗိုလ်အုန်းသီး' ဆိုတဲ့ သုံးဘီးစက်ဘီးကလေးပါ သူနဲ့အတူ သူ့အမေက မွေးပေးလိုက်သလားလို့တောင် ထင်ရတယ်။ သူနို့စို့အရွယ် နို့ဆာလို့ ငိုရင်လည်း အခြားကလေးတွေလို အူဝဲ... အူဝဲလို့တောင် ငိုသံထွက်မယ် မထင်ဘူး။ သူ့ငိုသံက "ကလင်... ကလင်" ဖြစ်ဖို့များပါတယ်။ မွေးကင်းစအရွယ်လွန်မှာတော့ သူ ပထမဆုံးပြောတတ်တဲ့ စကားကလည်း "ဘေးလေးကို... ဘေးလေး ကို" ဆိုတဲ့ စကားနဲ့ပဲ စတင်ခဲ့မယ် ထင်ပါတယ်။

မှန်တယ်...။ ကလေးဘဝမှာ သူ စက်ဘီးစီးကြမ်းတယ်။ ဗိုလ်အုန်းသီး သုံးဘီးလေးကို သူ့နေအိမ် စာတိုက်ကွေ့ အဆင်းလမ်းမှာ တဂျောင်းဂျောင်းမြည်အောင် သူစီးချလာတယ်။ ပါးစပ်ကလည်း အငြိမ်မနေဘူး။

"ဘေးလေးကို... ဘေးလေးကို"

(၂)

**ဘယ်သူ့ကို ကုပ်ဆွဲပြရမလဲ သိအောင်...**

စောဘရော်ငြိမ်းဆိုတာ သူ့စက်ဘီး ထူပျစ်ပျစ်ကြီးရဲ့ ကယ်ရီယာမှာ မြို့တစ်မြို့ကို 'ညှပ်' ပြီး နေရာအနှံ့ နင်းပြီး 'လေ' နေတဲ့ အလေအပေကြီးတစ်ယောက်ပေါ့။

ဒီအလေအပေကြီး အသက်က ခြောက်ဆယ်ကျော် လစွန်းစွန်း။

mgyoe.com

mgyoe.com


သူက ဘဝကို အနုဘ်လက္ခဏာနဲ့ အနုစိတ် တွက်ချက်နေတတ်သူ ဆိုရင် မမှားပါဘူး။ အခု သူ့အသက် ခြောက်ဆယ်ကျော်ကျော် ရှိလာပေမဲ့ ရောက်လာခဲ့ဖူးတဲ့ အသက်တိုင်းကို တစ်ဝက်ကိန်းနဲ့ နုတ်လေ့ရှိပါတယ်။ ဆိုပါတော့၊ အသက်လေးဆယ်ပြည့်တုန်းက သူဟာ အသက်နှစ်ဆယ်။ ဒီတော့ ခြောက်ဆယ်ကျော်ကျော်မှာ သူ အသက် သုံးဆယ်ကျော်ကျော်ပေါ့။ နေမယ်ဆို နေလို့ရသေးတာပဲဟာ။

ဒါဆို ဒီစောဘရော်ငြိမ်းဆိုတဲ့ အလေအပေကြီးဟာ သူ့အသက်ကိုပဲ တစ်ဝက်ကိန်းနဲ့ နုတ်နေတာပဲလား၊ မဟုတ်ပါဘူး။ သူဖန်တီးတဲ့ အနုပညာအပေါ်မှာလည်း အမြဲတမ်း တစ်ဝက်ကိန်းနဲ့ နုတ်ပြီးမှ သူခံစားပါတယ်။ ဒီတော့ သူဖန်တီးတဲ့ အနုပညာတွေအပေါ်မှာလည်း သူဘယ်တော့မှ အားရတင်းတိမ်သွားတယ်ဆိုတာ တစ်ခါမှ မရှိခဲ့တော့ဘူး။ ဒီတော့ သူ့မှာ သူ့ကိုယ်သူ "ငါညံ့သေးတယ်" ဆိုတဲ့ အသိမျိုး အမြဲရှိနေတယ်။

ဒါပေမဲ့ လူ့ဘဝကို တစ်ဝက်ကိန်းနဲ့ နေထိုင်ဖြတ်သန်းခဲ့တဲ့ ဒီအလေအပေကြီးဟာ တစ်ဝက်ကိန်းမကအောင် အနုတ်ခံရတဲ့ စက်ဘီးထူပျစ်ပျစ်ကြီး တစ်စီးနဲ့ ဝတ္ထုတွေ ရအောင်၊ ကဗျာတွေရအောင် ဖွတ်နင်းနေတုန်းပါပဲ။ ဖွတ်...။

သူ့ဘုရားသခင်က သူ့ကို ဒီစက်ဘီးထူပျစ်ပျစ်ကြီး ငှားထားတာ အနှစ်လေးဆယ်တောင် ကျော်ခဲ့ပြီလေ။ ဘုရားသခင်က 'ငှားခ' ရယ်လို့ မယူပေမဲ့ သူကတော့ ဘုရားသခင်ကို ပြန်ပြီး သိတတ်ရတာပေါ့။ သူသိတတ်ပုံက စက်ဘီးပျက်လို့ ပြင်ရတဲ့အခါမျိုးဆို သူ့ပိုက်ဆံနဲ့သူပဲ စက်ဘီးပြင်ပါတယ်။ ဘုရားသခင်ဆီက စက်ဘီးပြင်ခရယ်လို့ တောင်းတာမျိုး သူ့ဘဝမှာ တစ်ကြိမ်မှ မလုပ်ခဲ့ပါဘူး။

ဒီလိုတွေကောင်းလို့ ဒီလိုတွေ သိတတ်လို့လား မသိဘူး။ ဒီ

mgyoe.com

အလေအပေကြီး စောဘရော်ငြိမ်းကို ချစ်တဲ့လူကလည်း ရှိသေးတယ်။ သူ့ကို ချစ်တဲ့လူဆိုတာကလည်း တကယ်တော့ နည်းနည်းလေးပါ။ အဲဒီနည်းနည်းလေးမှာ 'ထော်ရိုပ်ညို' ပန်းချီပြခန်းပိုင်ရှင် ပန်းချီဆရာကြီး 'စောဘရော်မျိုး' လည်း တစ်ယောက်အပါအဝင်ပေါ့။ အဲဒီ စောဘရော်မျိုးဆိုတဲ့ ပန်းချီဆရာကြီးကလည်း အရူးတစ်ယောက်ပါ။ ဒီပန်းချီဆရာက အနုပညာသစ်ကလွဲပြီး ဘာမှ နကန်းတစ်လုံး မသိတဲ့သူ။ အနုပညာစျာန်ထဲမှာ သွက်ချာလည် သဝေထိုးပြီး ကျန်တာတွေမှာ သွေးဆုံးနေသူ၊ မြုံနေသူ။ တော်သေးတယ်။ ပန်းချီဆရာက ထမင်း ထမင်းမှန်း၊ ဟင်း ဟင်းမှန်း၊ အရက် အရက်မှန်း မှန်မှန်ကန်ကန် သိနေသေးလို့လား။ နို့မဟုတ်ရင် ဘယ်သွားထားရမှန်းတောင် မသိလောက်ဘူး ထင်တာပဲ။

စောဘရော်ငြိမ်း စက်ဘီးစီးစဉ်မှာ ရူးသွပ်သလို စောဘရော်မျိုး ပန်းချီရေးချိန်မှာလည်း ရူးသွပ်နေတာပါပဲ။ အနုပညာသစ်ကို တန်ဖိုးကြီးကြီး ထားချင်ကြတဲ့ အရူးမိတ်ဆွေတွေဟာ ရိုးရိုးအရူးတွေနဲ့ မတူတာတော့ အမှန်။ ရိုးရိုးအရူးတွေကတော့ အရူးအပျင်းချင်း ချစ်ခဲမယ် ထင်တာပဲ။

မိတ်ပညာမေးခွန်းတစ်ခုက "အရူးမှာ အချစ်ရှိသလား" ဆိုတဲ့ မေးခွန်းမေးတယ် ဆိုပါစို့။ ဘာမှအရေးလုပ်ပြီး ဖြေမနေနဲ့။

ဒီပန်းချီဆရာကြီးနဲ့ ဒီစက်ဘီးသမားကြီးကိုသာ...

ကုပ်ဆွဲပြလိုက်...။

(၃)

**စက်ဘီးစီးခြင်းကို ဘယ်သူတွေ့ရှိခဲ့သလဲ**

မောင်စောဘရော်ငြိမ်းတို့ ငယ်ငယ်ကတော့ မြင်းစီးတယ်။ ညနေ

mgyoe.com

mgyoe.com

ညနေ စီးတယ်လေပေါ့။ မြင်းခေတ်ကုန်သွားတော့ မြင်းကုန်းနှီးပေါ်ကနေ စက်ဘီးဖင်ထိုင်ခုံပေါ် ရောက်လာတယ်။ ဇက်ပင်တွေနေရာမှာ စက်ဘီးလက်ကိုင်ပေါ့။

အခုတော့ စက်ဘီးစီးသူရဲ့ စကားကိုတောင် တိတိကျကျ နားမထောင်ချင်တဲ့ လက်ကိုင်ကို ကိုင်ပြီး လူ့ဘဝထဲ ထောင့်ဖြတ်နင်းနေတုန်းပါပဲ။ ဒီစက်ဘီးထူပျစ်ပျစ်ကြီး တစ်စီးတည်းကိုပဲ သားမှတ်မှတ်မယားမှတ်မှတ် သူစီးလာတာ အနှစ်လေးဆယ် ရှိခဲ့ပြီ။ သူ့ဘဝမှာတော့ ဒီစက်ဘီးတစ်စီးတည်းကိုပဲ သူပိုင်ခဲ့ဖူးတာပါ။ စက်ဘီးနဲ့ ပတ်သက်ရင် မျက်နှာမများချင်တာလည်း ပါတာပေါ့။

ဒါပေမဲ့ပေါ့လေ ဘဝကို အနုတ်လက္ခဏာတွေနဲ့သာ ဖြတ်သန်းတတ်တဲ့ ဒီအလေအပေကြီးအဖို့တော့ သူက တစ်နေ့တခြား ငယ်ငယ်လိုက်လာပြီး စက်ဘီးက တစ်ရက်တစ်ရက် ပိုပိုပြီး အသက်ကြီးလာသလို သူခံစားရတယ်လေ။ မှန်ပါတယ်။ စက်ဘီးကလည်း အသက်ကြီးလာပြီမို့ စက်ဘီးကို သူက အနားပေးချင်နေပြီ။ ဒီအရွယ်ကြီးကျမှတော့ စက်ဘီးကို နားအေးပါးအေးရှိမယ့် ဘုရားရိပ် တရားရိပ်ဖြစ်ဖြစ်၊ ဥပုသ်ဇရပ်ဖြစ်ဖြစ် ခိုစေချင်ပြီလေ။ ဒါလောက် အစီးခံထားရတာတော်သင့်ပြီပေါ့။ အနားပေးသင့်ပြီပေါ့။

အခုဟာက ပြဿနာရှင်းရှင်းလေး။ စက်ဘီးကသာ စီးရင်းစီးရင်း အသက်တွေ ကြီးကြီးသွားပေမဲ့ စက်ဘီးစီးသူ စောဘရော်ငြိမ်းက လိုက်မကြီးတဲ့ကိစ္စ။ သူက အသက်ကို 'ပေ' ခံနေတာ။ မြင်းလိုကပ်နေတာ။ ခြေလေးချောင်း စုံပစ်ပြီး ခိုင်ခိုင်ကြီး လုပ်နေတာ။ စိတ်ဝင်စားစရာကောင်းတာက ဒီအလေအပေကြီး ဘဝမှာ ဘာကိုတွေ့ရှိသွားခဲ့သလဲဆိုတာ သူ... သူ...

စက်ဘီးစီးခြင်းကို တွေ့ရှိသွားသူလား...။

mgyoe.com

(၄)

**ဘော့စ်မ'ကိုသာ လွမ်း...**

ဒီမှာက စာရေးဆရာ၊ ကဗျာဆရာနဲ့ ပန်းချီဆရာ ခပ်မွဲမွဲတွေကို အလကား အိတ်စိုက် ကုပေးနေတဲ့ ဆရာဝန်လူငယ်လေးတစ်ဦး ရှိတယ်။ နာမည်လေးက စောဘရော်ခိုင်တဲ့။ အနုပညာလောကမှာ ဖျားဖူးသူတိုင်း ဒီဆရာဝန်ကို သိတယ်။

အမှန်တော့ အဲဒီဆရာဝန်က အရူးပါ။ စက်ဘီးရူးကြီး စောဘရော်ငြိမ်းတို့လို ပန်းချီရူးကြီး စောဘရော်မျိုးတို့လို သူကလည်း အရူးတစ်မျိုးပါ။ ဒီဆရာဝန်လေး ရူးတာက ပြိုင်ဘီး စက်ဘီးပေါ့။ ပြိုင်ဘီး စက်ဘီးကိုလည်း သူက အမျိုးမျိုး ပြောင်းစီးတယ်။ သူ 'ခွ' လာတဲ့ စက်ဘီးဆိုရင်လည်း တစ်ဖက်သားက ဖွဲစားချင်လောက်အောင်ကို သ,ထားတာ။ ပြီးတော့ ဒီအရူးက ကိုက်စားချင်စရာ ပြိုင်ဘီးမျိုးစုံကို နှံ့စပ်သိမ်းထုတ်နိုင်သူအဖြစ်လည်း လူပြောသူပြော အတော်များသူပါ။

အစကတော့ ဒီပြဿနာဟာ စောဘရော်ငြိမ်းနဲ့ စောဘရော်မျိုးတို့ရဲ့ 'နှစ်ယောက်တည်း ပြဿနာ' မျိုးပေါ့။

ပထမတော့ ပန်းချီဆရာ စောဘရော်မျိုးက သူ့ရဲ့ချစ်မိတ်ဆွေ အလေအပေကြီး စောဘရော်ငြိမ်းကို သူ အကြောင်းတိုက်ဆိုင်တဲ့အခါ တရုတ်ဆိုင်ကယ်တစ်စီး ဝယ်ပေးမယ်ဆိုတဲ့ စကားက စခဲ့ကြတာပါပဲ။ အကြောင်းတိုက်ဆိုင်တဲ့အခါဆိုတာ စင်ကာပူက အမျိုးသမီးတစ်ယောက်က သူ့ပန်းချီကားအချို့ လာဝယ်ဖို့ရှိတယ်။ အဲဒီအမျိုးသမီးက ဝယ်တဲ့နေ့ဟာ အကြောင်းတိုက်ဆိုင်တဲ့နေ့ဆိုတဲ့ သဘောပါ။ ဒါပေမဲ့ ပန်းချီဆရာအရူးပြောတဲ့ 'အကြောင်းတိုက်ဆိုင်တဲ့အခါ...' ဆိုတဲ့ ရက်စွဲဟာ ဘယ်အနာဂတ်ပြက္ခဒိန်ထဲမှာ ထည့်ရိုက်မလဲတော့

mgyoe.com

mgyoe.com

မသိဘူးရယ်။ ဘုရားသခင်ဆီမှာ ကွန်ပျူတာအပ်သေးသလား မသိဘူး။ ပန်းချီက သူ့စက်ဘီးသမားကြီး ပြောသေးတယ်။

"ခင်ဗျားကို ဆိုင်ကယ်ဝယ်ပေးလိုက်ရင် တော်ကြာ ခင်ဗျားကိုသတ်တာ ကျွန်တော်ဖြစ်နေဦးမယ်"

ဒါ သေမှာတောင်စိုးတဲ့ အရူးချစ်လေ။ မှန်ပါတယ်။ စောဘရော်မျိုး ကိုယ်တိုင်ကလည်း စက်ဘီးနဲ့ခွဲရမယ့် ဘဝမျိုး မလိုချင်ဘူး။ တရုတ်မတွေ စီးဖို့ထုတ်တဲ့ ဆိုင်ကယ်၊ မြန်မာစာရေးဆရာကြီး မခွချင်ဘူး။ ဒီတော့ သူတို့နှစ်ယောက် ပြောတဲ့ စကားဝိုင်းမှာ ဟိုအရူးဆရာဝန်လည်း ပါလာရတော့တာပေါ့။ စောဘရော်ခိုင်လေ။ ပြိုင်ဘီးရူး၊ ပြိုင်ဘီးရူး...။ စောဘရော်မျိုးက အကြောင်းတိုက်ဆိုင်တဲ့အခါရောက်ရင် အဲဒီဆရာဝန်အရူးကို ငွေထုတ်ပေးလိုက်မယ်။ ဒီဆရာဝန်ကပဲ စီစဉ်...။

ဒါနဲ့ နှစ်ယောက်တည်း အစည်းအဝေးမှာ သူတို့ ဒီလိုဆုံးဖြတ်လိုက်တယ်။

၁။ ဆိုင်ကယ်မဝယ်တော့ဘူး။ (သေမှာစိုးလို့)။

၂။ ပြိုင်ဘီးစက်ဘီးကောင်းကောင်း ဝယ်ပေးမယ်။
(ဝတ္ထုတွေ ပိုကောင်းမယ်)။

ဆုံးဖြတ်ချက်ကတော့ လေထဲမှာ ချလိုက်နိုင်ပါပြီ။ ဟိုစင်ကာပူ 'ဘော့စ်မ' နေကောင်းရဲ့လား မသိဘူး။

(၅)

**စိတ်ထဲမှာ စက်ဘီးစီးကြမ်းသူကြီး**

စင်ကာပူဘော့စ်မ ဘယ့်နှယ်နေတယ် မသိပေမဲ့ အလေအပေကြီး စောဘရော်ငြိမ်းကတော့ သူနောက်ထပ်အသစ်ရေးမယ့် ဝတ္ထုတွေ၊

mgyoe.com

ပြိုင်ဘီး စက်ဘီးလို ဖျပ်ဖျပ်လူးနေဖို့...

- ရှူးဖိနပ်ကောင်းကောင်း၊ ဘောင်းဘီပွပွနဲ့ တီရှပ်တစ်ထည် ဝတ်လိုက်တယ်။ (စိတ်ထဲမှာ...)
- ညမှာ အရောင်ပြန်စေမယ့် လျှာထိုးဦးထုပ်ဆောင်း။ (စိတ်ထဲမှာ...)
- လယ်သာလက်အိတ်စွပ်။ (စိတ်ထဲမှာ...)
- ကျောပိုးအိတ်တစ်လုံးယူ။ (စိတ်ထဲမှာ...)
- ကျောပိုးအိတ်ထဲ အဝတ်အစားတစ်စုံ အပိုထည့်။ (စိတ်ထဲမှာ...)
- လေတံခွန်လွှတ်ရန် 'စွန်' နှင့် ရစ်ဘီးထည့်။ (စိတ်ထဲမှာ...)
- ဆပ်ပြာထည့်။ (စိတ်ထဲမှာ...)
- တဘက်သေးသေးထည့်။ (စိတ်ထဲမှာ...)
- သွားတိုက်ဆေး၊ သွားပွတ်တံ ထည့်။ (စိတ်ထဲမှာ...)
- သွားကြားထိုးတံတစ်ထုပ်ထည့်။ (စိတ်ထဲမှာ...)
- ဒဏ်ကြေလိမ်းဆေးထည့်။ (စိတ်ထဲမှာ...)
- ပတ်တီး၊ ဂွမ်းထည့်။ (စိတ်ထဲမှာ...)
- ကော်ဘူး၊ ကတ်ကြေး၊ ကျွတ်စ၊ လေထိုးတံ၊ ခွ ထည့်။

mgyoe.com

mgyoe.com

(စိတ်ထဲမှာ...)
- ဆား၊ ငရုတ်ကောင်း၊ ပျားရည်ထည့်။ (စိတ်ထဲမှာ...)
- ကော်ဖီမှုန့်ဘူးထည့်။ (စိတ်ထဲမှာ...)
- ပေါင်မုန့်၊ ယိုဘူးထည့်။ (စိတ်ထဲမှာ...)
- အသားဘူး၊ ချိစ်၊ ချောကလက်၊ ဒိန်ခဲခြောက်ထည့်။ (စိတ်ထဲမှာ...)
- ဖဲထုပ်ထည့်။ (စိတ်ထဲမှာ...)
- မော်ဒန်ကဗျာစာအုပ်ထည့်။ (စိတ်ထဲမှာ...)
- ဖယောင်းတိုင်၊ မီးခြစ်၊ လက်နှိပ်ဓာတ်မီးထည့်။ (စိတ်ထဲမှာ...)
- ကင်းဘတ်စများ၊ ဆေး၊ စုတ်တံထည့်။ (စိတ်ထဲမှာ...)
- အဝေးကြည့်မှန်ပြောင်းထည့်။ (စိတ်ထဲမှာ...)
- နိုင်လွန်ကြိုးတစ်ခွေထည့်။ (စိတ်ထဲမှာ...)
- သံလိုက်အိမ်မြှောင်ထည့်။ (စိတ်ထဲမှာ...)
- ပေါက်ချွန်းငယ်တစ်လက်ထည့်။ (စိတ်ထဲမှာ...)
- ကမ္ဘာမြေပုံတစ်ချပ်ထည့်။ (စိတ်ထဲမှာ...)
- အခြားဂြိုဟ်ကမ္ဘာသစ်များရဲ့ ဓာတ်ပုံများ၊ မှတ်တမ်းများထည့်။ (စိတ်ထဲမှာ...)
- ကျောပိုးအိတ် ဇစ်ဆွဲစေ့။ (စိတ်ထဲမှာ...)
- အသက်ကို ဝအောင် ရှူသွင်းပစ်။ (စိတ်ထဲမှာ...)
- ပြီးတော့ စက်ဘီးစီးရင် ခါးထိုးဖို့ကောင်းတဲ့ ဝီစကီစတီးဘူး

mgyoe.com

mgyoe.com


ပြားလေး ခါးမှာထိုး။ (စိတ်ထဲမှာ...)

----------------------------------------

----------------------------------------

--------------------------------

ဝတ္ထုတွေ ဖျတ်လတ်ဖို့ စက်ဘီးသမားကြီး စောဘရော်ငြိမ်း ရောက်ရှိလို့လာပါပြီ။ သူက ကြင်စဦး စက်ဘီးပါးပါးလေးနဲ့။

ဒီလက်ကိုင်ကောက်ကောက်ကလေးနဲ့ ဟိုက်ဝေးစီးဖို့ဆိုပြီး အဝေးပြေးလမ်းမကြီးပေါ်မှာ သူ တအားနင်းနင်းသွားပါပြီ... (ဒါက လည်း စိတ်ထဲမှာပါပဲ)။

**မိတ်ဆွေဖွဲ့ရန် ဖိတ်ခေါ်ခြင်း**

ကျွန်တော့်တွင် အရေးတကြီးကြီး ခင်မင်ရန် 'စက်ဘီးခိုးသူများ' လိုအပ်လျက် ရှိပါသည်။ မိတ်ဆွေတို့ လာရောက်ဆက်သွယ် ခင်မင်ကြပါ။ ကျွန်တော်ကလည်း ခင်တတ်ပါသည်။

ဤဝတ္ထုရေးပြီးချိန်မှာ 'စောဘရော်မျိုး' ထံမှ စက်ဘီးပါးပါးလေး တစ်စီးကို ကျွန်တော် အမှန်ပင် ရရှိပြီးခဲ့ပြီ ဖြစ်ပါသည်။ ကာလ တန်ဖိုး သုံးသိန်းခန့်...။

စက်ဘီးခိုးသူများခင်ဗျား ခင်မင်ဖို့အတွက် ကျွန်တော့်ဆီ ကြွခဲ့ ကြပါနော်။

ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၅

❑

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


# နပိုလီယံသည် စောဘရန်ငြိမ်းထက် အရပ်ပု၏

**ဘောလုံးသမားနှင့် စာရေးဆရာ**

ကျွန်တော် ဒေါက်တာစောဘရန်ငြိမ်းနဲ့ ကမ္ဘာကျော် အာဂျင်တီးနားဘောလုံးသမားကြီး မာရာဒိုနာဟာ မြို့င်ယံတစ်ခုအတွင်းမှာ ရေရေလည်လည် ဖွဲ့စည်းမိလျက်သားတွေ ဖြစ်ကုန်ကြပါပြီ။

မာရာဒိုနာက ကျူဘားနိုင်ငံက ဆေးကုသပြီး ရောဂါသက်သာချိန် ကမ္ဘာလှည့်လာရင်း ကျွန်တော်နဲ့ ဆုံတွေ့နေခြင်း ဖြစ်ပါတယ်။ ပြီးတော့ သူ ကုသခဲ့တဲ့ ကျူဘားစိတ်ကျန်းမာရေးဆေးရုံက အတွေ့အကြုံတွေလည်း ကျွန်တော့်ကို ပြောနေပါတယ်။ စိတ်ဆေးရုံရဲ့ အတွေ့အကြုံဆိုတော့ ပြုံးစရာလေးတွေလည်း မနည်းဘူးပေါ့။ ကျွန်တော်ကလည်း သူပြောတာတွေ နားထောင်ရင်း ကျွန်တော် ကြုံခဲ့ဖူးတဲ့ စိတ်ကျန်းမာရေးဆေးရုံရဲ့ အတွေ့အကြုံတွေကို ပြန်ပြောချင်တဲ့စိတ်ဖြစ်လာတယ်။ သူကလည်း စိတ်ဝင်စားကြောင်း ပြောပါတယ်။ ဒီတော့ ကျွန်တော်က စိတ်ဝင်စားကြောင်း ပြောပါတယ်။ ကျွန်တော်က

mgyoe.com